ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့
(၂၀. ၉. ၂၀၁၆)ရက်နေ့တွင် မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်
ဦးစိုင်းအောင်ခမ်း တင်သွင်းသည့် အဆိုဆိုင်ရာဆောင်ရွက်ချက်များ

**ဥက္ကဋ္ဌ။** အစီအစဉ် (၁၁)ဖြစ်ပါတယ်။ မိုင်းပန် မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းအောင်ခမ်းက အဆိုတစ်ရပ် အား လွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုမှာ**" ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ BE - RE နှင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ BE - RE ဘတ်ဂျက်ငွေလုံးငွေရင်းဖြင့် ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးသို့ သက်ဆိုင်ရာဘဏ္ဍာနှစ်အလိုက်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုမ္ပဏီများအနေဖြင့် အစိုးရနှင့် ချုပ်ဆိုသော စာချုပ်မိတ္တူများ BP - BQ မိတ္တူများကို မြို့နယ်များရှိ လွှတ်တော်ကိုယ်စားလှယ်များထံပေးပို့ရန်"** အဆိုဖြစ်ပါတယ်။ ယခု ဦးစိုင်းအောင်ခမ်းက အဆိုတင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းအောင်ခမ်း၊ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။** မင်္ဂလာပါ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ခမ်း ဖြစ်ပါတယ်။ ယနေ့ ကျင်းပပြုလုပ်သော အစည်းအဝေးမှ ပြည်ထောင်စုရန်ပုံငွေ BE - RE နှင့် ပြည်နယ်ရန်ပုံငွေ BE - RE ဘတ်ဂျက်ငွေလုံးငွေရင်းဖြင့် ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးသို့ သက်ဆိုင်ရာ ဘဏ္ဍာနှစ်အလိုက် လုပ်ငန်းများဆောင်ရွက်ရာတွင် ကုမ္ပဏီများအနေဖြင့် အစိုးရနှင့် ချုပ်ဆိုသော စာချုပ်မိတ္တူများ၊ BP - BQ မိတ္တူများကို မြို့နယ်များရှိ လွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ရန်အတွက် အဆိုတင်သွင်းခြင်းကိစ္စဖြစ်ပါတယ်။

၎င်းအဆိုသည် အစိုးရအဖွဲ့က ပြောနေသည့် (Check and Balance) ဆိုသော စကားရပ်နှင့် ကိုက်ညီမှု ရှိစေရန် ယင်းအဆိုကို တင်သွင်းရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များ သည် ဥပဒေပြုရေးတာဝန်နှင့် အစိုးရအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များကို ထိန်းညှိ တည့်မတ်ပေး သော အဖွဲ့ဖြစ်ပါတယ်။ ပြည်နယ်/တိုင်း၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာများရှိ မိဘပြည်သူတို့၏ လိုအပ်ချက်၊ တောင်းဆိုချက်များကို နိုင်ငံတော်အစိုးရမှ တိုင်းပြည်တိုးတက်မှု ပိုမိုလျင်မြန်စေရန် စီမံချက်များ ချမှတ်ပြီး ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေများ ခွဲဝေချထားပေးလျက် ရှိပါတယ်။ ထိုသို့ ခွဲဝေချထားပေးသော ရန်ပုံငွေဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် အချို့သော ဌာနများနှင့် ကုမ္ပဏီများသည် ပွင့်လင်းမြင်သာမှုမရှိခြင်း၊ မြို့နယ်သို့ လုပ်ငန်းများ လာရောက် ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ တာဝန်ရှိ ပုဂ္ဂိုလ်များထံ အကြောင်း ကြားခြင်း၊ အသိပေးခြင်းမရှိဘဲ မိမိသဘောဖြင့် လုပ်ငန်းများ လာရောက်ဆောင်ရွက်နေသည်ကို တွေ့မြင်ရပါတယ်။ ထို့ကြောင့် လုပ်ငန်း အရည်အသွေး စိစစ်ရေးကော်မတီအနေဖြင့် လုပ်ငန်းများ စိစစ်ရာတွင် BP - BQ များကို သက်ဆိုင်ရာ လုပ်ငန်းဆောင်ရွက်သူများက တင်ပြနိုင်ခြင်းမရှိသောကြောင့် စံချိန်စံညွှန်းကိုက်ညီမှုရှိ/မရှိ စစ်ဆေးရန် အခက်အခဲရှိနေပါကြောင်းကြားသိနေရပါတယ်။

ဒါကြောင့် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေ BE - RE နှင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ BE - RE ဘတ်ဂျက်ငွေလုံးငွေရင်းဖြင့် ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးသို့ သက်ဆိုင်ရာဘဏ္ဍာနှစ် အလိုက်လုပ်ငန်းများ ဆောင်ရွက်ရာတွင် တင်ဒါအောင် ကုမ္ပဏီများ အနေဖြင့် အစိုးရနှင့် ချုပ်ဆိုသော စာချုပ်မိတ္တူများ BP - BQ၊ BP ဆိုတာ အဆောက်အဦပုံစံ၊ BQ ဆိုတာ ကုမ္ပဏီ၏ တွက်ချက်မှု အသေးစိတ် မိတ္တူများ ဆိုလိုပါတယ်။ မြို့နယ်များရှိ လွှတ်တော် ကိုယ်စားလှယ်များထံသို့ပေးပို့ရန်နှင့် လုပ်ငန်းအရည်အသွေး စိစစ်ရေးကော်မတီ တွင်လည်း မြို့နယ်များရှိ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များ ထည့်ဝင်ဖွဲ့စည်းပေးမှသာလျှင် (Check and Balance) ဆိုသော စကားရပ်နှင့် ကိုက်ညီမှုရှိမှာ ဖြစ်ကြောင်း တင်ပြလိုပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် တစ်ချက် လောက် တင်ပြလိုပါတယ်ခင်ဗျ။ ဒီ Power Point ကို ကျွန်တော် တင်ပြရခြင်း၏ ရည်ရွယ်ချက်ကတော့ ကုမ္ပဏီကို ထိခိုက်စေသည့် ရည်ရွယ်ချက်ဖြင့် တင်ပြခြင်းမဟုတ်ပါ။ လွှတ်တော်ကိုယ်စားလှယ်များ ကျွန်တော် မြို့နယ်တွင် ဖြစ်ပျက်နေသည့် အခြေအနေများကို သိရှိအောင် ဒီPower Point ကို တင်ပြရခြင်းဖြစ်ပါတယ်။ ဒါကတော့ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် လျှပ်စစ်စွမ်းအင်ဝန်ကြီးဌာနမှ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ်တွင် ခွင့်ပြု ငွေလုံးငွေရင်း ကျပ်(၃၁၅၉. ၃၂၇) သန်း မိုင်းပန် - တာဆန်းလမ်းပိုင်းတွင် ၃၃ ကေဗွီ ဓာတ်အားလိုင်းကို မဟာဓာတ်အားလိုင်းဆွဲမှာဖြစ်ပါတယ်။ အဲဒီမဟာဓာတ်အားလိုင်းကို အောင်မြင့်မိုရ်ကုမ္ပဏီမှ တင်ဒါအောင်မြင်ခဲ့ပါတယ်။ ဒီအောင်မြင့်မိုရ်ကုမ္ပဏီကနေတစ်ဆင့် လင်းကမ္ဘာဆိုသည့်ကုမ္ပဏီကို တင်ဒါပေးခဲ့ပြီး အောင်မြင့်မိုရ် ကုမ္ပဏီကို ထပ်မံပြီးတော့ ထပ်ဆင့်လုပ်ငန်း ဆောင်ရွက်ခွင့်ကို ပေးခဲ့ပါတယ်။ တင်ဒါ စည်းမျဉ်း၊ စည်းကမ်းနှင့် ကိုက်ညီမှု မရှိဘူးလို့ ကျွန်တော်သုံးသပ်ယူဆမိပါတယ်။ ဒီလိုမျိုး လုပ်ငန်းဆောင်ရွက် သည့် အချိန်တွင် ပြည်ထောင်စုလမ်းမကြီးနှင့် မလွတ်သော ၃၃ ကေဗွီဓာတ်အားလိုင်း ဓာတ်တိုင်များ စိုက်ထူထားတာကိုတွေ့ရှိရ ပါတယ်။

ပြည်ထောင်စုလမ်းမကြီး၏ အကျယ်သည် ပေ ၁၅၀ ရှိရာ တွင် ၎င်းကုမ္ပဏီသည် မြို့နယ်တွင်ရှိနေသည့် တာဝန်ရှိသော စီမံ ခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌနှင့် ဒေသတွင် ရှိနေသည့် ပုဂ္ဂိုလ်များကို တိုင်ပင်ပေါင်းစပ်ခြင်းမရှိပါ။ ကျွန်တော်တို့ ကွင်းဆင်းသည့်အချိန် တွင် ဒီဓာတ်အားလိုင်းသည် တာဆန်းအထိဆွဲမှာဖြစ်သည့်အတွက်ကြောင့် တာဆန်းတွင် ခွဲရုံစိုက်ထူထားတာရှိပါတယ်။ ဒါကတော့ လမ်းဘေးတစ်လျှောက် ရွာသာယာကနေ ဝိုင်ခြံအထိ စိုက်ထူထား သည့် ဓာတ်တိုင်များဖြစ်ပါတယ်။ ဒါကတော့ တာဆန်းခွဲရုံကို ကွင်းဆင်းစိစစ်နေသည့်အချိန်ဖြစ်ပါတယ်။ တချို့သော ကုမ္ပဏီများသည် လုပ်ငန်းရလိုမှုနှင့် တကယ့်မြေပြင်ကို ကွင်းဆင်းဆောင်ရွက်ခြင်းမရှိသည့်အတွက်ကြောင့် သူတို့အမြင် သူ့ဘက်ကနေကြည့်လျှင် ဒီလုပ်ငန်းတွေသည် လွယ်လွယ်ကူကူနဲ့ ဆောင်ရွက်နိုင်မည်ဆိုပြီး တင်ဒါတွေကို ဝင်ဆွဲပြီး တင်ဒါအောင်သွားခဲ့ပါတယ်။

ဒါကြောင့် ယခုကဲ့သို့ နောင်ထပ်မံမဖြစ်စေရန် ဤအဆိုကို တင်သွင်းရခြင်းဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ မီးသတ် အဆောက်အဦ အခြေအနေလေးကို တင်ပြလိုပါတယ်။ ဒါကတော့ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်တွင် ဝင်းထက်မြန်မာကုမ္ပဏီမှ မိုင်းပန် မီးသတ်အဆောက်အဦကို တင်ဒါအောင်မြင်ခဲ့တာဖြစ်ပါတယ်။ အစိုးရ ခွင့်ပြုငွေလုံးငွေရင်းကျပ်သန်း(၂၆၀)ဖြစ်ပါတယ်။ စိစစ်ရေး ကော်မတီဥက္ကဋ္ဌမှ ဖိတ်ကြားသည့်အတွက် လိုက်သွားခဲ့ပါတယ်။ ၃၁-၈-၂၀၁၆ ရက်နေ့တွင် မီးသတ်အဆောက်အဦကို ကြည့်ရှုခဲ့ပါတယ်။ အဆောက်အဦကို တာဝန်ယူပြီး ဆောက်လုပ်နေသည့် တာဝန်ခံကို အဆောက်အဦ၏ တွက်ချက်မှု၊ အဆောက်အဦ၏ ပုံစံ Toping ကို တစ်ချက်လောက်ပြပါဆိုပြီး မေးမြန်းရာ ပြည်နယ်တည်/ကော်ကို တွက်ချက်မှုတင်ထားကြောင်း ဖြေကြားသည့် အတွက် သဘာဝမကျဟု ယူဆမိပါတယ်။ မည်သည့်အကြောင်းကြောင့်ဖြစ်စေ တင်ဒါတစ်ခုဝင်ဆွဲပြီးဆိုတာနဲ့ တကယ့်မြေပြင်ကို ကွင်းဆင်းပြီးတဲ့အခါကျမှ ကွင်းဆင်းထားသည့် မြေပြင်၏ အခြေအနေ တွက်ချက်မှုနှင့် တစ်ခါတည်း မြေပြင် ဈေးနှုန်းပါ သတ်မှတ်ပြီး တွက်ချက်ခိုင်းတာဖြစ်ပါတယ်။ Estimate မပြနိုင်ခြင်းကို သဘာဝမကျဟု ကျွန်တော် ယူဆမိပါတယ်။ ကုမ္ပဏီကိုပုတ်ခတ်ပြောဆိုခြင်းမဟုတ်ပါ။ မည်သို့ဖြစ်စေ အရည်အသွေး စိစစ်ရေးကော်မတီ ဆိုသည်မှာ မြို့နယ်တွင် ရှိနေသည့် ပဆငအင်ဂျင်နီယာအပိုင်းမှာ တာဝန်ရှိပါတယ်။ ဒီအဆောက်အဦကို သူတို့ ဆောက်လုပ်ထားသည့် စံညွှန်းအတိုင်း ပြည့်မီသည်ဟုလက်မှတ်ထိုးပေးလျှင် ပဆင အင်ဂျင်နီယာကလည်း Foul ဖြစ်သွားနိုင်ပါတယ်။

ဒါကြောင့် ၎င်းအဆောက်အဦ တစ်ခုခုမဖြစ်အောင် ဤအဆိုကို တင်သွင်းရခြင်းဖြစ်ပါတယ်။ အဆောက်အဦကြီးတစ်ခု နိုင်ငံတော်အစိုးရကနေ ကျပ်သန်းပေါင်း များစွာ ချပေးသည့်အခါ နောက်နောင် ဒီလိုမျိုး ကျွန်တော်တို့ မိုင်းပန်မြို့နယ်ကို ဒီလိုမျိုး အဆောက်အဦ ထပ်မံချပေးဖို့အတွက် ဆိုတာ အလှမ်းဝေးပါတယ်။ နောက်တစ်ချက် ကတော့ အဆောက်အဦဆောက်သည့် အချိန်တွင် ထုံးတွေလည်း သုံးခွင့်မရှိပါဘူး။ ထုံးတွေလည်းပါနေပါတယ်။ ဒါကြောင့် တင်ဒါအောင်မြင်ပြီးသည့်အခါတွင် အဆောက်အဦ၏ တွက်ချက်မှုတွေ

အားလုံးသေချာကျနစွာ သိလိုကြောင်း တောင်းဆိုရခြင်းဖြစ်ပါတယ်။ နိုင်ငံတော်က ချပေးသည့် ရန်ပုံငွေကို သတ်မှတ်ထားသည့် စံညွှန်းအတိုင်း ဆောက်လုပ်ပေးစေချင်သောကြောင့် အဆိုတင်သွင်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** အဆိုကို ထောက်ခံမည့်ကိုယ်စားလှယ် ရှိပါက ဆက်လက်ဆောင်ရွက်ပါ။

**ဦးခွန်ဟန်သိန်းဦး၊ မောက်မယ်မြို့နယ် မဲဆန္ဒနယ် အမှတ် (၂)။** အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ မောက်မယ် မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးခွန်ဟန်သိန်းဦး ဖြစ်ပါတယ်။ ဦးစိုင်းအောင်ခမ်း၊ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂) တင်သွင်းသွားသည့်အဆိုကို ထောက်ခံအပ်ပါတယ်ခင်ဗျား။

**အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံ ဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။**

**(သို့မဟုတ်)**

**အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်းဥက္ကဋ္ဌက ကြေညာခြင်း။**

**ဥက္ကဋ္ဌ။** ဦးစိုင်းအောင်ခမ်းက တင်သွင်းသောအဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ **" ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ BE - RE နှင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ BE - RE ဘတ်ဂျက်ငွေလုံး ငွေရင်းဖြင့် ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးသို့ သက်ဆိုင်ရာ ဘဏ္ဍာနှစ် အလိုက်လုပ်ငန်းများ ဆောင်ရွက် ရာတွင် ကုမ္ပဏီများ အနေဖြင့် အစိုးရနှင့် ချုပ်ဆိုသော စာချုပ်မိတ္တူများ BP - BQ မိတ္တူများကို မြို့နယ်များရှိ လွှတ်တော်ကိုယ်စားလှယ်များထံ ပေးပို့ရန် "** ဆိုသည့် အဆိုပဲဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ယခုအဆိုကို လက်ခံဆွေးနွေးရန် သင့်/ မသင့် လွှတ်တော်ဆန္ဒကိုရယူပါမယ်။ ၎င်းအဆိုကို လက်ခံ ဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်က သဘောတူပါသည်။)**

အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်ရှိပါသလားခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူသည့်ကိုယ်စားလှယ်မရှိသည့်အတွက် ဦးစိုင်းအောင်ခမ်း၏ အဆိုကိုလက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။

အဆိုကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်၊ ဗုဒ္ဓဟူးနေ့ မှာ ဆွေးနွေးပါမယ်။ ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် ဒီကနေ့ အစည်းအဝေးရပ်နားတဲ့အခါမှာ ဒီကနေ့ ညနေ ပိုင်းမှာ ပြည်နယ်လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးသွင်းဖို့ဖြစ်ပါတယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့
(၂၁. ၉. ၂၀၁၆)ရက်နေ့တွင် အဆိုကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၀)ဖြစ်ပါတယ်။ ဦးစိုင်းအောင်ခမ်း မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ BE-RE နှင့် ပြည်နယ်ဘဏ္ဍာ ရန်ပုံငွေ BE-RE ဘတ်ဂျက်ငွေလုံးငွေရင်းဖြင့် ရှမ်းပြည်နယ် အတွင်းရှိ မြို့နယ်အသီးသီးသို့ သက်ဆိုင်ရာဘဏ္ဍာနှစ် အလိုက်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုမ္ပဏီများအနေ ဖြင့် အစိုးရနှင့် ချုပ်ဆိုသော စာချုပ်မိတ္တူများ၊ BP-BQ မိတ္တူများကို မြို့နယ်များရှိ လွှတ်တော် ကိုယ်စားလှယ်များ ထံသို့ပေးပို့ရန်"** အဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ် (၃)ဦးက ဆွေးနွေးဖို့ အမည်စာရင်း ပေးပို့ထားပါတယ်။ ပထမဦးစွာ မိုင်းဖြတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအားကိုက အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးအားကို၊ မိုင်းဖြတ်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)။** ဂါ၀ရပြုလေးစားအပ်တဲ့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌ၊ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ် ခရိုင်၊ မိုင်းဖြတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအားကို ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် တတိယပုံမှန်အစည်းအဝေး၊ ဒုတိယနေ့မှာ ကျွန်တော်တို့ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ မိုင်းပန်မြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ခမ်း တင်သွင်းသည့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ BE-REနှင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ BE-RE ဘတ်ဂျက်ငွေလုံးငွေရင်းဖြင့် ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ် အသီးသီးသို့ သက်ဆိုင်ရာ ဘဏ္ဍာနှစ်အလိုက် လုပ်ငန်းများဆောင်ရွက်ရာတွင် ကုမ္ပဏီများအနေဖြင့် အစိုးရနှင့် ချုပ်ဆိုသောစာချုပ်မိတ္တူများ BP-BQ မိတ္တူများကို မြို့နယ်များရှိ လွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ရန် တင်သွင်းသည့် အဆိုကို ဆွေးနွေးထောက်ခံသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များဟာ ဥပဒေပြုရေး တာ၀န်၊ အစိုးရအဖွဲ့၏ လုပ်ငန်း ဆောင်ရွက်ချက်များကို ထိန်းညှိသတ်မှတ်ပေးခြင်း၊ Check & Balance တာ၀န်ရှိသော အဖွဲ့များဖြစ်သလို နိုင်ငံတော်မှ ခွင့်ပြုပေးသော လုပ်ငန်းများ စံချိန် စံညွှန်းမီမမီစိစစ်ရမည့်အဖွဲ့လည်းဖြစ်ပါတယ်။ တိုင်း၊ ပြည်နယ်၊ ခရိုင်၊မြို့နယ်၊ ကျေးရွာများရှိ မိဘပြည်သူများ၏ လိုအပ်ချက်၊ တောင်းဆိုချက်ကို နိုင်ငံတော်အစိုးရမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု ပိုမိုလျင်မြန်စေရန်အတွက် စီမံချက်ချမှတ်ပြီး ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေများ ခွဲဝေချ ထားပေးလျက်ရှိပါတယ်။ ထိုကဲ့သို့ ခွဲဝေချထားပေးသည့် ရန်ပုံငွေဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာမှာ အချို့သော ဌာနများနှင့် အချို့သော ကုမ္ပဏီများဟာ ပွင့်လင်းမြင်သာမှုမရှိခြင်း၊ မြို့နယ်များတို့လုပ်ငန်းများ လာရောက် ဆောင်ရွက်ရာတွင် သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များထံ အသိပေးအကြောင်းကြားခြင်းမရှိဘဲ မိမိသဘောဖြင့် လုပ်ငန်းများကိုလာရောက်ဆောင်ရွက် နေသည်ဆိုတာကို တွေ့ရှိရပါတယ်။

လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ မိုင်းဖြတ် မြို့နယ်၏ အခြေအနေကို ဆွေးနွေးတင်ပြလိုပါတယ်။ အခုလို တင်ပြရခြင်းဟာ လည်းသက်ဆိုင်ရာဌာနကို ထိခိုက်စေလိုသည့် တင်ပြချက်မျိုး မဟုတ်ဘဲနဲ့ ကျွန်တော်တို့ မိုင်းဖြတ်မြို့နယ်တွင် ဖြစ်ပျက်နေသည်ကို သိရှိ စေလို၍ တင်ပြသည့်သဘောဘဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ မိုင်းဖြတ် မြို့နယ်မှာဆိုရင် ပထမအကြိမ် လွှတ်တော်သက်တမ်းမှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်သော ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို လွှတ်တော်ကိုယ်စားလှယ်များက လုံးဝသိရှိခြင်း မရှိဘဲ ၄င်းတို့သဘောဆန္ဒအတိုင်းဆောင်ရွက်ခဲ့ သည်ကို တွေ့ရပါတယ်။

ဥပမာ တစ်ခုအနေနဲ့ တင်ပြရမည်ဆိုရင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာကျေးလက်ဒေသမီးလင်းရေး၊ ရေအားလျှပ်စစ်လုပ်ငန်းတစ်ခုလျှင် သိန်း(၆၀)နှုန်းနဲ့ လုပ်ငန်း(၆)ခုဆောင်ရွက်ခဲ့ပါတယ်။ လုပ်ငန်းဆောင်ရွက်ပြီး(၃)လကျော်ကြာပြီး ပြည်သူများက မီးမရရှိဘူးဟု တင်ပြမှသာလျှင် ဒီလုပ်ငန်းလုပ် ဆောင်ခဲ့ခြင်းကို သိရှိခဲ့ရတဲ့အခြေအနေရှိပါတယ်။ မီးမရရှိကြောင်း ပြည်သူများ၏ တင်ပြချက်ကြောင့် လွှတ်တော်ကိုယ်စားလှယ်များကိုယ်တိုင် ကျေးလက်ဒေသဦးစီးမှူးကို ပြောကြားရာမှာ လုပ်ငန်းဆောင်ရွက်သူကိုပြင်ဆင်ရန် ညွှန်ကြားပေးမည်ဟုဆိုသော်လည်း ယခုအချိန်ထိ ပြန်လည်ပြင်ဆင်သည်ကို မတွေ့ရှိရပါ။

ပထမအကြိမ်လွှတ်တော် သက်တမ်းတစ်လျှောက်လုံးနှင့် ဒုတိယအကြိမ် လွှတ်တော်သက်တမ်းအစဖြစ်သည့် ယခုချိန်အထိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းနှင့် ပတ်သက်သည့်အချက်အလက်များ တစ်ကြိမ်တစ်ခါမှ ရရှိခဲ့ခြင်းမရှိပါ။ သိရှိလိုပါက မိမိတို့ လွှတ်တော် ကိုယ်စားလှယ်ကိုယ်တိုင်သွားရောက်တောင်းယူရသည့် အခြေအနေမှာရှိပါတယ်။ ထိုကဲ့သို့ ဒေသဖွံ့ဖြိုးရေးဆိုင်ရာအချက်အလက်များကို မရရှိသည့်အတွက် ကျွန်တော်တို့ လွှတ်တော်ကဖော်ဆောင်လျက် ရှိသည့် Check & Balance ဖြစ်အောင် ဆောင်ရွက်နိုင်ခြင်း မရှိသလို နိုင်ငံတော်နှင့် ပြည်သူများအတွက် များစွာထိခိုက်နစ်နာလျက် ရှိကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။ အထက်ပါဖြစ်စဉ်အရ ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် တင်ဒါအောင်မြင်ပြီး အစိုးရနှင့် ချုပ်ဆိုသော စာချုပ်မိတ္တူများ BP-BQများနှင့် အခြား ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကိုပါ သက်ဆိုင်ရာမြို့နယ်များရှိ လွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ရန်လိုအပ်ကြောင်း တွေ့ရှိရမှာဖြစ် ပါတယ်။ သို့မှသာလျှင်လုပ်ငန်းဆောင်ရွက်ချက်ကို စံချိန်စံညွှန်း မီမမီ စိစစ်နိုင်မှာဖြစ်ကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နိဂုံးချုပ်အနေနဲ့ နိုင်ငံတော်၏ ဘဏ္ဍာငွေများ လေလွင့်မှုနည်းပါးအောင် ပြည်ထောင်စုရန်ပုံငွေ BE-RE တို့နှင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ BE-RE ဘတ်ဂျက်ငွေလုံး ငွေရင်းများဖြင့် ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးသို့ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက်လုပ်ငန်းများဆောင်ရွက်ရာတွင် ကုမ္ပဏီများ၊ ဌာနဆိုင်ရာများအနေဖြင့် အစိုးရနှင့် ချုပ်ဆိုသော စာချုပ်မိတ္တူများ BP-BQ မိတ္တူများကို သက်ဆိုင်ရာမြို့နယ်များရှိ လွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့သင့်ကြောင်းလေးလေး နက်နက် ထောက်ခံရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး နမ့်ဆန်မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ ဦးအောင်ထွဏ်းက အဆိုကိုဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် နှစ်ဖြာသောသုခနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်း ဖြစ်ပါတယ် ခင်ဗျား။ ကျွန်တော့အနေနဲ့ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းအောင်ခမ်း တင်သွင်းသော အဆိုနှင့် ပတ်သက်ပြီး ဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်အခုလိုတင်ပြရသည်မှာ ပြည်သူများ၏ လူမှုဘဝ တိုးတက်ဖွံ့ဖြိုး၊ မြင့်မားစေရေးအတွက် ကျွန်တော်တို့သာမကပါဘူး ပြည်သူလူထုများရဲ့ လိုအပ်ချက်များကို ဦးစွာသက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများထံ တင်ပြတောင်းခံ ဖြည့်ဆည်းပေးကြသည့် အဖြည့်ခံတွေဘဲ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် မြို့နယ်ကော်မတီ နှင့် ကျွန်တော်တို့သည်လည်း ရရှိလာသည့် လုပ်ငန်းတွေကို အကျိုးရှိရှိ အပြည့်အဝရရှိစေချင်တာလည်း စိတ်ရင်းစေတနာအမှန်ဖြစ်ပါတယ်။ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က သူ၏ဆန္ဒများကို မနေ့က အဆိုတင်သွင်းသွားသလို စီမံကိန်းလုပ်ငန်းတစ်ခုကို သွားရောက်ကြည့်ရှုသောအခါ ၎င်းစီမံကိန်းနှင့်ပတ်သက်တဲ့ စာရွက်စာတမ်း BP-BQ များ စံချိန်စံညွှန်းနှင့် အညီရှိ/မရှိကို ဘယ်လိုမှ မစစ်နိုင်ပါဘူး။

လုပ်ငန်းခွင်နှင့်ပတ်သက်သည့်သဘောမျိုး မဟုတ်ဘဲ စီမံကိန်းနှင့်ပတ်သက်ပြီး လွဲချော်နေတာကို ကြပ်မတ်ပေးမှ ဖြစ်တယ်လို့ ပြောချင်ပါတယ်။ အစိုးရအနေဖြင့်သော်လည်းကောင်း၊ ပြည်သူများ အနေဖြင့် သော်လည်းကောင်း၊ ကျွန်တော်တို့ ကိုယ်စားလှယ်များနှင့် ပွင့်လင်းမြင်သာမှုရှိဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဘယ်လုပ်ငန်းကို၊ ဘယ်ကုမ္ပဏီကရရှိလဲဆိုတာ လိုက်မေးမှ သိရသည့် အခြေအနေမျိုး ဖြစ်သည့်အတွက်ကြောင့် ကျွန်တော်တို့နှင့်အတူ သက်ဆိုင်သလို သဘောထားပေးမှ ဖြစ်ပါမယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ် များဟာ ပညာရှင်များ မဟုတ်ကြသော်လည်း နိုင်ငံတော်ဘတ်ဂျက်ကို အလေအလွင့် မဖြစ်စေလိုသည့် ဆန္ဒကြောင့် ယခုလို တင်ပြရခြင်းဖြစ်ပါတယ်။ ဆီးသီးသည် ဘန်းမှောက်သည့် သဘောမျိုး မဖြစ်စေချင်ပါဘူး။ ကျွန်တော်တို့ကိုယ်စားလှယ်များဟာ လူထု၏ အသံနားထောင်ပြီး လူထု၏ လိုအပ်ချက်ဖြစ်သည့် လမ်း၊ တံတား၊ ဆောက်လုပ်ရေး၊ ရေ၊ မီးစသည်တို့ကို လွှတ်တော်ကတစ်ဆင့် အစိုးရကို တင်ပြပြီး လူထုနှင့် အစိုးရကြားကို ပေါင်းစည်းပေးသည်။ ကိုယ်စားလှယ်တွေဖြစ်ပါတယ်။ ကျွန်တော်တို့ကိုယ်စားလှယ် များဟာ လူထုအတွက် လွှတ်တော်မှာ အကြိတ်အနယ် တောင်းဆိုပေးပြီးရလာခါမှ အစာရေစာအလေအလွင့်မရှိအောင် ဘယ်လို အရေးယူ ပေးမည်။ ပုံစံများကို မဖြစ်ဖြစ်အောင် တောင်းဆို ပေးသည်။ ဒါကြောင့်ပြည်ထောင်စု ဘတ်ဂျက် ဖြစ်ဖြစ်၊ ပြည်နယ်ဘတ်ဂျက်ဖြစ်ဖြစ် မိမိတို့မြို့နယ်မှာ လူထုများလိုအပ်တဲ့အခါမှာ သက်ဆိုင်ရာ ကိုယ်စားလှယ် များကို အသိပေးခြင်း၊ စာချုပ်စာတမ်း BP-BQ များ မိတ္တူပေးခြင်း၊ အရည်အသွေးစိစစ်ရေးကော်မတီမှာ ကိုယ်စားလှယ်များပါဝင် ဖွဲ့စည်းရေးဆိုတဲ့ ဦးစိုင်းအောင်ခမ်းရဲ့ အဆိုကို လေးလေးနက်နက် ထောက်ခံရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး နမ့်စန်မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)မှ ဦးလင်းအောင်ဆွေက အဆိုကို ဆွေးနွေးပေးဖို့ဖြစ်ပါတယ်။

**ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွရှမ်းပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာ ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ နမ့်စန်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေဖြစ် ပါတယ်။ ကျွန်တော့် အနေနဲ့ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ခမ်း တင်သွင်းသွားခဲ့တဲ့ အဆိုကို ထောက်ခံတင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ကျွန်တော်အပါအဝင် ယခုရှမ်းပြည်နယ်ရဲ့ မြို့နယ်အသီးသီးကို ကိုယ်စားပြုသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဟာ ၂၀၁၃ ခုနှစ် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေ အခန်း(၄)၊ ပုဒ်မ(၉)တာဝန်များ၊ ပုဒ်မ (၁၀) လုပ်ပိုင်ခွင့်များ၊ ပုဒ်မ (၁၁)ကျင့်ဝတ်နှင့် စည်းကမ်းများကို အထူး အလေးထား တိကျစွာ လိုက်နာဆောင်ရွက်ရသူများဖြစ်ပါ တယ်။ ၂၀၁၃ခုနှစ် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၉၊ အပိုဒ်ခွဲ(င)ပါ မဲဆန္ဒနယ်မြေနှင့် နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်စေဘဲ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့်ဖြစ်စေ၊ အာဏာပိုင် ပုဂ္ဂိုလ်များနှင့်ဖြစ်စေ ပေါင်းစပ် ညှိနှိုင်း ဆောင်ရွက်ပေးခြင်းဆိုတဲ့ အချက်အရ ဦးစိုင်းအောင်ခမ်း မိုင်းပန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ရဲ့အဆိုကို လက်ခံ ဆွေးနွေး ပေးရခြင်းဖြစ်ပါတယ်။

ပြည်ထောင်စုအစိုးရ၏ ရှမ်းပြည်နယ်အစိုးရရဲ့ ဝန်ကြီးဌာန အသီးသီးက နိုင်ငံတော်နဲ့ ပြည်နယ်၊ ခရိုင်၊ မြို့၊ ရွာ၊ ဒေသဖွံ့ဖြိုးရေး အတွက်ရုံး၊ ဌာန၊ လမ်း၊ တံတား၊ ကျောင်း၊ ဈေး၊ ဆေးရုံ၊ လျှပ်စစ်မီး၊ ရေရရှိရေး စတဲ့တည်ဆောက်ရေး လုပ်ငန်းစဉ်တွေကို ဘဏ္ဍာရေး နှစ်အလိုက် တည်ဆဲဥပဒေနှင့်အညီ စီမံကိန်း စနစ်တကျ

ရေးဆွဲပြီး တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်မဲ့ ပုဂ္ဂလိကလုပ်ငန်းရှင် ကုမ္ပဏီတွေကို စနစ်တကျ တင်ဒါခေါ်ယူကာစိစစ်ရေးဘုတ်အဖွဲ့များ နှင့် သတ်မှတ်ရက်မှာ စနစ်တကျစစ်ဆေးပြီး စည်းမျဉ်း စည်းကမ်း၊ စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ချက်ပြည့်စုံတဲ့ ကုမ္ပဏီတွေကို အစိုးရအဖွဲ့ Cabinet အထိ သက်ဆိုင်ရာ ဝန်ကြီးဌာနကတင်ပြ အတည်ပြုချက်ရယူ၍ လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်း သတ်မှတ်ချက်တွေနဲ့အညီ စာချုပ်ချုပ်ဆိုပြီးဆောင်ရွက် ခွင့်ပြုပေး ခဲ့ကြတာဖြစ်ပါတယ်။

ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်များဟာ မိမိမဲဆန္ဒ နယ်မြေအလိုက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ အကြီးအကဲများ ပြည်ထောင်စုအဆင့် လွှတ်တော်ကိုယ်စားလှယ် များ မြို့မိ မြို့ဖများနှင့် အတူ မြို့ရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းလိုက်ပါ ဆောင်ရွက်ကြရတာဖြစ်တာကြောင့် ဒေသအတွင်း ပြည်သူလူထုနှင့် ထိတွေ့ကွင်းဆင်းဆောင်ရွက်ချိန်မှာ အထက်တင်ပြပါ တင်ဒါ အောင်မြင်ထားတဲ့ကုမ္ပဏီများရဲ့ တည်ဆောက်ရေးလုပ်ငန်းများကို အလျဉ်းသင့်သလို ဝင်ရောက် ကြည့်ရှု စစ်ဆေးအကြံပြုကြရပါတယ်။ မြို့နယ် အုပ်ချုပ်ရေးပိုင်းက တာဝန်ပေးအပ်ခြင်းခံရတဲ့ စစ်ဆေးရေးအဖွဲ့ တွေနဲ့လည်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြရတာ ဖြစ်ပါတယ်။ ဒီလိုစစ်ဆေးတဲ့နေရာမှာ တင်ဒါအောင်မြင်ထားတဲ့ ကုမ္ပဏီများအနေနဲ့ စာချုပ်ချုပ်ဆိုစဉ်ကပါရှိတဲ့ BP-BQ များကို လုပ်ငန်းစတင် ချိန်ကစပြီး မြို့နယ်အုပ်ချုပ်ရေးနဲ့ စီမံခန့်ခွဲရေး ကော်မတီကို မိတ္တူပေးပို့ပြီး သတ်မှတ်ချက်နှင့်အညီ တည်ဆောက်မှု ကဏ္ဍအရပ်ရပ်ကို လိုက်ပါတင်ပြ အစစ်ဆေးခံပေးသွားရမှာ ဖြစ်ပါတယ်။

အလျဉ်းသင့်လို့ သာဓကအဖြစ် တင်ပြလိုသည်မှာ ကျွန်တော်တို့ နမ့်စန်မြို့နယ်ရှိ ခိုလန်မြို့နယ်ခွဲမှ မီးသတ်ဦးစီးဌာန တပ်စုအဆင့် အဆောက်အဦကို တာဝန်ယူတည်ဆောက်နေတဲ့ Titan Sky ကုမ္ပဏီဟာ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် ဆောက်လုပ်ခွင့် ရန်ပုံငွေ ကျပ် (၄၀. ၃၃၈၀၄)သန်း ဖြင့် ၄-၈-၂၀၁၆ရက်နေ့ ကတည်းက စတင်ဆောက်လုပ်ခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိ စီ/ခန့်ကော်မတီများကို သတင်းပို့ခြင်းမရှိသဖြင့် မြို့နယ် အုပ်ချုပ်ရေးမှူးနှင့်အတူ ကျွန်တော်တို့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် (၂)ဦး ခိုလန်မြို့အတွင်း ၂၆-၈-၂၀၁၆ရက်နေ့ ကွင်းဆင်းချိန် အဆိုပါ ကုမ္ပဏီတာဝန်ရှိသူ တွေကို ခေါ်ယူမေးမြန်း စဉ်မှာ ကုမ္ပဏီကတာဝန် ပေးထားတဲ့ ဆောက်လုပ်ရေး တာဝန်ခံသာရှိပြီး BP-BQ Estimate များကို မသိရှိကြောင်း၊ ကုမ္ပဏီမှာသာရှိ ကြောင်းသိရှိရတဲ့အတွက် အဆိုပါကုမ္ပဏီကို မြို့နယ်အုပ်ချုပ်ရေးမှူး က BP-BQ Estimate နှင့်တကွ နမ့်စန်မြို့နယ် အုပ်ချုပ်ရေးမှူးရုံးတွင် လာရောက်တွေ့ဆုံရန် ခေါ်ယူခဲ့သော်လည်း ယနေ့အထိလာရောက် တွေ့ဆုံရှင်းလင်းခြင်း မရှိကြောင်း သိရှိရ ပါသည်။

အခုလိုရှင်းလင်းတင်ပြရတာဟာ ဒီကုမ္ပဏီရဲ့ အကျိုးစီးပွား နှင့် လုပ်ငန်းတွေကို ထိခိုက်နစ်နာစေလိုတဲ့ သဘောနဲ့ တင်ပြတာ မဟုတ်ပါဘူးခင်ဗျား။ မြို့နယ်အဆင့် တာဝန်ရှိသူများ ၊ လွှတ်တော် ကိုယ်စားလှယ်များ အနေဖြင့် မိမိဒေသ၊ မြို့ရွာ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ကဏ္ဍအလိုက် လိုက်လံကွင်းဆင်း အကောင် အထည်ဖော် ဆောင်ရွက်နေချိန်မှာ နိုင်ငံတော်ဘဏ္ဍာဖြင့် တည်ဆောက်နေတဲ့ လုပ်ငန်းများ အရည်အသွေး မီစေပြီး ရေရှည်အကျိုးရှိစေလိုခြင်းကြောင့် အပြုသဘောနဲ့သာ တင်ပြခြင်းဖြစ်ပါတယ်။ ကုမ္ပဏီများအနေနဲ့ တင်ဒါတင်သွင်းစဉ်က သဘောတူညီခဲ့တဲ့ သတ်မှတ်ချက် စည်းမျဉ်း၊ စည်းကမ်း စံချိန်၊ စံညွှန်းနှင့်အညီ ဆောင်ရွက်ခြင်း ရှိ/မရှိ တိုက်ဆိုင်စစ်ဆေးနိုင်ရန်အတွက် လုပ်ငန်းများနဲ့ ပတ်သက်တဲ့ P-BQ ပုံစံများကို ခရိုင်၊ မြို့နယ် အဆင့်တာဝန်ရှိသူများထံ မိတ္တူပေးပို့ထားပြီး တာဝန်ရှိသူများကလည်း အချိန်နှင့်တစ်ပြေးညီ လုပ်ငန်းအစ၊ အလယ်၊ အဆုံး ပြီးစီးသည်အထိ စနစ်တကျ ကြပ်မတ် စိစစ် ဆောင်ရွက်နိုင်ခဲ့ပါက မြို့နယ်၊ ခရိုင်၊ ပြည်နယ်အဆင့်ဆင့် ဖွံ့ဖြိုးတိုးတက်မှုကို ထိရောက်စွာ အထောက်အကူပြုသွားမှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ခမ်း တင်သွင်းသည့်အဆိုကို အလေးအနက်ထောက်ခံသည့် အဆိုတင်သွင်းပါကြောင်း ရိုသေလေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများမှ ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဦးစိုင်းအောင်ခမ်း၊ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)က တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၃)ဦးက ထောက်ခံဆွေးနွေးသွား ပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ခုနှစ် ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၂၅(င)အရ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်က ပြန်လည် ရှင်းလင်းဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းရဲန်တစ်လုံ၊ ဘဏ္ဍာရေးဝန်ကြီး။** ရှမ်းပြည်နယ် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယ ပုံမှန်အစည်းအဝေး တတိယနေ့မှာ တက်ရောက်လာကြသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး၊ ရှမ်းပြည်နယ်အစိုးရဝန်ကြီးချုပ်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာပဏာမပြောကြားလို ပါတယ်။ ယခု တည်ဆောက်ရေးလုပ်ငန်းနှင့်ပတ်သက်ပြီး ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ မေးမြန်းချက်တွေကို ရှင်းလင်းချက် မဆွေးနွေးခင်မှာ ပြီးခဲ့တဲ့ အစိုးရသက်တမ်းမှာ အတွေ့အကြုံအနည်းငယ်ရှင်းပြလိုပါတယ်။ ပြီးခဲ့တဲ့အစိုးရ သက်တမ်းမှာ လွှတ်တော်သက်တမ်းမှာလည်းပဲ တည်ဆောက်ရေး လုပ်ငန်းတွေရှိခဲ့ ပါတယ်။ ကျွန်တော်တို့ ကိုယ်တိုင်လည်း ကိုယ့်မြို့ ကိုယ်ရွာမှာဘာတွေ လုပ်နေလဲ၊ ဘာတွေ ဆောင်ရွက်နေလဲဆိုတဲ့ ကိစ္စတွေကိုသိချင်ပါတယ်။ နီးစပ်ရာ ပါတီအဖွဲ့အစည်းတွေ၊ နီးစပ်ရာ ပြည်သူ့လွှတ်တော်တွေကို ချဉ်းကပ် အကူအညီတောင်းပြီး သတင်းအချက်အလက်ရယူ၍ ကိုယ့်နည်းကိုယ့်ဟန်ဖြင့်သွားရောက်ပြီး စုံစမ်းခဲ့ဖူးပါတယ်။ တကယ်လုပ်လား၊ မလုပ်လားဘယ်သူ့ကိုမှ အပြစ်ယူဖို့ မဟုတ်ပါဘူး။ တကယ်ဆောင်ရွက်ချက်ရှိ/မရှိဆိုတဲ့ ကိစ္စတွေကို လေ့လာသုံးသပ်တာရှိပါတယ်။ အခုအစိုးရသက်တမ်းမှာ ကျွန်တော်တို့ရဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များဟာ အပြုသဘောဆောင်သည့်ပြောင်းလဲခြင်း တစ်ခုကို ဆောင်ရွက်နေဟု မြင်တွေ့ရတဲ့ အတွက် အနူးအညွတ်ဝမ်းသာမိပါတယ်။ ရှမ်းပြည်နယ်၊ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းအောင်ခမ်းတင်ပြလာတဲ့ ပြည်ထောင်စုရန်ပုံငွေ BE-RE တို့နှင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ BE-RE ဘတ်ဂျက်ငွေလုံးငွေရင်းများဖြင့် ရှမ်းပြည်နယ်အတွင်းမှာ ဆောင်ရွက်နေသည့်မြို့နယ်အသီးသီးမှာ ကဏ္ဍအလိုက် ဆောင်ရွက်နေတဲ့ လုပ်ငန်းများကိုဆောင်ရွက်ရာတွင် ကုမ္ပဏီများအနေဖြင့် အစိုးရနှင့်ချုပ်ဆိုသော စာချုပ်မိတ္တူ များ၊ BP-BQ မိတ္တူများကို မြို့နယ်များရှိ လွှတ်တော်ကိုယ်စားလှယ်များထံပေးပို့ရန်ဆိုတဲ့ အဆိုကို ရှင်းလင်း သွားမှာဖြစ်ပါတယ်။

ပြည်ထောင်စု ရန်ပုံငွေ၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေ၊ ငွေလုံးငွေရင်းခွင့်ပြု ရန်ပုံငွေနဲ့ ရှမ်းပြည်နယ်အတွင်း မှာရှိတဲ့ မြို့နယ်အသီးသီး သက်ဆိုင်ရာဘဏ္ဍာနှစ်အလိုက် လုပ်ငန်းများဆောင်ရွက်သည့် နေရာမှာကုမ္ပဏီများ အနေဖြင့် အစိုးရနှင့်ချုပ်ဆိုသည့်စာချုပ်မိတ္တူများ BP-BQ မိတ္တူများကို မြို့နယ်များရှိ လွှတ်တော်ကိုယ်စားလှယ် များထံ ပေးဝေရန်အဆို တင်သွင်းခြင်းကိစ္စနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းတင်ပြအပ်ပါတယ်-

တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်အစိုးရသည် ပြည်ထောင်စုအစိုးရမှ ချမှတ်ထားတဲ့ မူဝါဒများနှင့် သော်လည်းကောင်း ပြည်ထောင်စု ဥပဒေများနှင့်သော်လည်းကောင်း မဆန့်ကျင်စေဘဲ တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိတဲ့ လုပ်ငန်းများနှင့် စပ်လျဉ်း၍ စီမံကိန်းများကို လွှတ်တော်ရဲ့သဘောတူညီချက်နဲ့ အကောင်အထည်ဖော်ဆောင်ရွက်ရမယ်လို့ တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၃၃မှာပြဋ္ဌာန်းထားပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ် အစိုးရအဖွဲ့ဥပဒေပုဒ်မ ၃၁(က)မှာ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အစိုးရသည် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်ဝန်ကြီးဌာနများနှင့် ယင်းတို့၏လက်အောက် အစိုးရလက်အောက်ဌာနများ၊ အစိုးရအဖွဲ့အစည်းများ၏

လုပ်ငန်း ဆောင်ရွက်မှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီဖြစ်စေရန်သော်လည်းကောင်း၊ တည်ဆဲဥပဒေပါပြဋ္ဌာန်းချက် များနှင့်အညီဖြစ်စေရန်လည်းကောင်း စီမံခန့်ခွဲခြင်း၊ လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်းများပြုရမည်။ ဥပဒေပုဒ်မ၃၁(ခ)တွင် မိမိတိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော နယ်ဖက်ဝန်ထမ်းအဖွဲ့အစည်းများရဲ့ လုပ်ငန်း ဆောင်ရွက်မှုများကို ဥပဒေနှင့်အညီ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်းများပြုလုပ်နိုင်မည်ဟု ဥပဒေမှာပြဋ္ဌာန်းထား ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းဒေသကြီး/ပြည်နယ်အစိုးရသည် ပြည်နယ်ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာနကရေးဆွဲပြုစုပေးတဲ့ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်ရဲ့ ဘဏ္ဍာငွေရသုံးဆိုင်ရာ လျာထားချက်များကို လွှတ်တော်မှာ ဆွေးနွေးနိုင်ပါရန်တင်သွင်းတဲ့ ဆွေးနွေးအကြံပြုပြီး ဘဏ္ဍာငွေရသုံးဆိုင်ရာ လျာထားချက်များကို ဘဏ္ဍာရေးကော်မရှင်သို့ တင်ပြညှိနှိုင်းပြီးနောက် ပြည်နယ်အရ အသုံး ခန့်မှန်းခြေငွေစာရင်းကို ဝန်ကြီးချုပ်ရဲ့ ထောက်ခံတင်ပြချက်ဖြင့် လွှတ်တော်သို့ တင်ပြပြီး အတည်ပြုချက်ရယူရမှာ ဖြစ်ကြောင်း ပုဒ်မ ၃၄ နှင့် ၃၅ မှာ ပြဋ္ဌာန်းထားပါတယ်။ လွှတ်တော်မှအတည်ပြုပြီးသည့်နောက် ရှမ်းပြည်နယ်လွှတ်တော်က ၂၀၁၅ခုနှစ် ရှမ်းပြည်နယ်လွှတ်တော် အမှတ် ၂ ဖြင့် လည်းကောင်း၊ ၂၀၁၆ခုနှစ် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၃ဖြင့် လည်းကောင်း ရှမ်းပြည်နယ်ဘဏ္ဍာငွေအရသုံးဆိုင်ရာဥပဒေကို ပြဋ္ဌာန်းခဲ့ပါတယ်။

အဆိုပါဥပဒေနှင့် ပြည်နယ် အစိုးရရဲ့ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နဲ့ ပြည်နယ်အဆင့်ဦးစီးဌာနများ၊ စည်ပင်သာယာရေးအဖွဲ့များနှင့် ပြည်နယ်အဆင့်နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများကို ပြည်နယ်၏ဘဏ္ဍာငွေ၊ရန်ပုံငွေအစီအစဉ်နှင့် လုပ်ငန်းများကို ဆောင်ရွက်ရန်တာဝန်ပေးအပ်ထားပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဌာနအဖွဲ့အစည်းများမှ လုပ်ငန်းဆောင်ရွက်မှုများကို ဝန်ကြီးချုပ်ထံ တာဝန်ခံရှင်းလင်းတင်ပြရပါတယ်။ အစိုးရဌာနများအနေနဲ့ ဌာနများအတွက် အမှန်တကယ် လိုအပ်သော ရုံးသုံးအဆောက်အဦ၊ ဝန်ထမ်းအိမ်ရာအဆောက်အဦ တည်ဆောက်ရန် လိုအပ်ပါက ဘဏ္ဍာရန်ပုံငွေနဲ့ ခွဲဝေချထား ပေးမည့် ပြည်ထောင်စုအစိုးရအဖွဲ့ (သို့မဟုတ်) တိုင်းဒေသကြီး ပြည်နယ်အစိုးရအဖွဲ့ထံ မိမိတို့တည်ဆောက်ရေးလုပ်ငန်းများရဲ့ သတ်မှတ်အင်ဂျင်နီယာ၊ တွက်ချက်မှုများနဲ့ ပုံများ၊ ခန့်မှန်းခြေစာရင်း များ ပါဝင်တဲ့ BP-BQ စာရွက်စာတမ်းများကို ပူးတွဲတင်ပြလျှောက် ထားရကြောင်း၊ ဘဏ္ဍာရန်ပုံငွေနဲ့ ခွဲဝေချထားပေးမည့် ပြည်ထောင်စုအစိုးရအဖွဲ့ (သို့မဟုတ်) တိုင်းဒေသကြီး ပြည်နယ်အစိုးရအဖွဲ့များနဲ့ တည်ဆောက်ရေးလုပ်ငန်းများ၊ စိစစ်ရေးကော်မတီများက လျှောက်ထားတဲ့ အဆောက်အဦ ပုံစံများနဲ့ ခန့်မှန်းခြေငွေစာရင်းများကို မှန်ကန်မှု ရှိ/ မရှိ ဦးစွာစိစစ်ရပါတယ်။ စိစစ်ပြီးလိုအပ်ချက်ရှိပါက ပယ်ရန် ပြင်ဆင်လျှောက်ထားနိုင်တယ်။

လျှောက်ထားချက်အားခွင့်ပြု ပြီးပါက သတ်မှတ်စည်းမျဉ်း၊ စည်းကမ်းနှင့်အညီ အဆောက်အဦ တည်ဆောက်နိုင်မည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများအား တင်ဒါခေါ်ယူကာ အစိုးရအဖွဲ့ဌာနက တည်ဆောက်ရေး လုပ်ငန်းများအတွက် တိုင်းဒေသကြီး၊ ပြည်နယ်တည်ဆောက်ရေးလုပ်ငန်းများ အိတ်ဖွင့် တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီက စိစစ်ရွေးချယ်ပါတယ်။ တင်ဒါအောင်မြင်၍ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိတဲ့ ကုမ္ပဏီများရဲ့ တည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်စည်းကမ်း၊ စံချိန် စံညွှန်းများနှင့်အညီ လုပ်ကိုင်မှု ရှိ/မရှိ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ကတည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီအဖွဲ့ဝင် များက ကွင်းဆင်းစစ်ဆေးလျက်ရှိတဲ့အပြင် အဆောက်အဦလုပ်ရန် လုပ်ငန်းအပ်နှံသူ အစိုးရရဲ့ တည်ဆောက်ရေး ကြီးကြပ်မှု ကော်မတီများကလည်း စည်းကမ်းချက်နှင့်အညီ လုပ်ငန်းပြီးစီးမှု ပမာဏနှင့် သတ်မှတ်အရည်အချင်း မီ/မမီ ကြည့်ရှုစစ်ဆေးကာ ကြီးကြပ်သူ အထက်အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၏ ပြည်နယ် အစိုးရအဖွဲ့တည်ဆောက်ရေးလုပ်ငန်း ကော်မတီထံတင်ပြဆောင်ရွက်ရပါတယ်။ ရှမ်းပြည်နယ်အတွင်းမှာ ရှိတဲ့အစိုးရရုံး၊ ဌာန၊အဆောက်အဦတည်ဆောက်မှုအဆင့်ဆင့် သတ်မှတ်ချက်၊ သတ်မှတ်အရည်သွေး

ပြည့်မီရေးကို ရှမ်းပြည်နယ်အစိုးရအဖွဲ့က တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ တည်ဆောက်ရေး လုပ်ငန်းကော်မတီက အစိုးရဌာန၊ ရုံးများရဲ့အဆောက်အဦ တည်ဆောက်ရန် လျှောက်လွှာ လျှောက်ထားမှုများအား ကနဦး စိစစ်ခြင်း၊ ရွေးချယ်ခြင်း၊ တည်ဆောက်ခွင့်ပြုခြင်းနှင့်တည်ဆောက်မည့် ကုမ္ပဏီရွေးချယ်ခြင်း၊ တည်ဆောက်မှု အရေအတွက်တွက်ချက်ခြင်းတို့ကို ကျွမ်းကျင်သူ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ ရှမ်းပြည်နယ်ရုံးခွဲမှ အင်ဂျင်နီယာများပါဝင်တဲ့အဖွဲ့နှင့် စစ်ဆေးလျက်ရှိပါတယ်။

သို့ဖြစ်၍ အဆိုရှင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ခမ်းအနေနဲ့ မိမိမဲဆန္ဒနယ်အတွင်းမှာရှိတဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်းဖြင့် ဖြည့်စွက်ဘဏ္ဍာငွေချထားခွင့်ပေးတဲ့ အစိုးရရုံး၊ ဌာနတည်ဆောက်ရေးလုပ်ငန်းများရဲ့ လုပ်ငန်းအရည်အသွေးကောင်းမွန်နိုင်ရေး၊ နိုင်ငံဘဏ္ဍာ ယိုဖိတ်မှု မရှိစေရေး၊ သတ်မှတ်စည်းမျဉ်း၊ စည်းကမ်းများ နှင့်အညီ လုပ်ငန်းများ အချိန်မီပြီးစီးစေရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရေး၊ Check & Balance လုပ်ငန်းလုပ်ကိုင်မည် ဆိုလျှင် လုပ်ငန်းအရည်အသွေးကောင်းမွန်အောင်ကြီးကြပ်နိုင်ဖို့ဆိုလျှင် ၄င်းအဆိုအား မူအားဖြင့် သဘောတူပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များဟာ လွှတ်တော်ဥက္ကဋ္ဌကို ကိုယ်စားပြုပါတယ်။

ဒါကြောင့် တည်ဆောက်ရေး လုပ်ငန်းမှာ လွှတ်တော်ဥက္ကဋ္ဌ ကနေ တစ်ဆင့် ပြည်နယ်အစိုးရအဖွဲ့ကို အကြောင်းကြားတဲ့အခါ ပြည်နယ်အစိုးရက တည်ဆောက်ခွင့်ရတဲ့ ကုမ္ပဏီနဲ့ တည်ဆောက်ဆဲ အဆောက်အဦများရဲ့ BP-BQ များ၊ အစိုးရတာဝန်ရှိသူများနဲ့ ဆက်သွယ် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ တာဝန်ရှိသူများက လာရောက်စိစစ်နိုင်ဖို့အတွက် ကျွန်တော်တို့ သက်ဆိုင်ရာ မြို့နယ်မှာရှိတဲ့ ကုမ္ပဏီများ၊ တည်ဆောက်ရေး ကုမ္ပဏီများအနေနဲ့ အဆောက်အဦရဲ့ BP-BQ လုပ်ငန်းများ၊ စာချုပ်များကို အသင့်ထားရှိစေရန် ကျွန်တော်တို့ ညွှန်ကြားထားလျက်ရှိပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ၁၃-၆-၂၀၁၆ ရက်စွဲပါစာအမှတ် ၆၁၄/၇-၁၁၁/အစရ(ရှမ်း)ဖြင့် အစိုးရဌာန အဖွဲ့အစည်းများအား သက်ဆိုင်ရာရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် စီးပွားရေး လုပ်ငန်းများကို လုပ်ကိုင်ခွင့်ပြုနိုင်ရေးအတွက် ပွင့်လင်းမြင်သာစွာ တာဝန်ခံမှု၊ တာဝန်ယူမှုရှိစေရန်နှင့် တည်ဆောက်ရေး လုပ်ငန်းဆောင်ရွက်နိုင်ရန် တင်ဒါခေါ်ယူရေးကော်မတီ၊ ကြမ်းခင်းဈေး တွက်ချက်ရေးလုပ်ငန်း ကော်မတီ၊ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ၊ အရည်အသွေး စိစစ်ရေးကော်မတီများ ဖွဲ့စည်းတာဝန် ပေးအပ်ရန်၊ ဘဏ္ဍာရေးစည်းမျဉ်း၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့် စိစစ်ကြီးကြပ်ရေးဆောင်ရွက်ရန် ညွှန်ကြားခဲ့ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ အဆိုတင်သွင်းမှု၊ ခွဲဝေချထားပေးသော ရန်ပုံငွေနှင့် လုပ်ငန်းများ ဆောင်ရွက်ရာမှာ အချို့သောဌာနများနှင့် ကုမ္ပဏီများသည် ပွင့်လင်းမြင်သာမှု မရှိခြင်း၊ မြို့နယ်သို့ လုပ်ငန်းများ လာရောက် ဆောင်ရွက်တဲ့အခါမှာ သက်ဆိုင်ရာတာဝန်ရှိ ပုဂ္ဂိုလ် များထံအကြောင်းကြားအသိပေးမှုမရှိဘဲ မိမိသဘောနဲ့ လုပ်ငန်းများ လာရောက်ဆောင်ရွက်နေသည်ကိုတွေ့မြင်နေရပါတယ်။ ဒါကြောင့် လုပ်ငန်းအရည်အသွေး စိစစ်ရေးကော်မတီအနေဖြင့် လုပ်ငန်းများစိစစ်ပေးရာမှာ BP-BQ များကို သက်ဆိုင်ရာ လုပ်ငန်းဆောင်ရွက် သူများက တင်ပြခြင်းမရှိတာကြောင့် စံချိန် စံညွှန်းကိုက်ညီမှုရှိ/မရှိ စစ်ဆေးရန်အခက်အခဲဖြစ်နေကြောင်း ကြားသိနေရသဖြင့် အဆိုတင်သွင်းရခြင်းဖြစ်ကြောင်းဖော်ပြထားပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရရဲ့ ၁၂-၁၁-၂၀၁၃ရက်စွဲ နှင့် ဝန်ကြီး ဌာနများက ကန်ထရိုက် စာရင်းနှင့် လုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးရမည့် လုပ်ငန်း လမ်းညွှန်မှာ လွှတ်တော်ကိုယ်စားလှယ်များသို့ စာချုပ်မိတ္တူ BP-BQ မိတ္တူများပေးပို့ရန် မပါရှိပါကြောင်းတွေ့ရှိရပါတယ်။ ထို့ကြောင့်ဒီကိစ္စမှာ ကန်ထရိုက်စာချုပ်မှာသတ်မှတ်ထားတဲ့စည်းမျဉ်း၊ စည်းကမ်းချက်များကို ပြင်ဆင်ရန်လိုအပ်ပါ ကြောင်းပြောကြား လိုပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေများအပိုဒ်၁၁၃(ဂ)မှာ အဆိုများသည် ရှင်းလင်းပြတ်သား၍ တိကျစွာဖော်ပြသော အကြောင်းရပ် တစ်ခုပါရှိရမည်လို့ ဖော်ပြထားပါတယ်။ အဆို တင်သွင်းမှုသည် မည်သည့်ဌာန၊ မည်သည့်ကုမ္ပဏီ၊ မည်သည့်

အရည်အသွေးစိစစ်ရေးကော်မတီဟု တိတိကျကျမပါရှိဘဲ ယေဘုယျဆန်နေသည်ကို တွေ့ရှိရပါတယ်။ တိတိကျကျ အဆိုတင်သွင်းပါက သက်ဆိုင်ရာဌာနများနှင့်အဖွဲ့အစည်းများမှ တာဝန်ယူဖြေရှင်းရမှာဖြစ်ပါကြောင်း ပြောကြားလိုပါတယ်။ သို့ဖြစ်၍ ယခုတင်သွင်းတဲ့ အဆိုကို မှတ်တမ်းတင်ထားသင့်ပါကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီးမှ ကျွန်တော်တို့ ဒီအဆိုကို မှတ်တမ်း တင်ထားဖို့အတွက် လွှတ်တော်ကိုတင်ပြထားပါတယ်။ သို့ဖြစ်ပါ၍ ၂၀၁၃ခုနှစ် ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၅ (စ)နှင့်(ဆ)အရ အဆိုတင်သွင်းသော လွှတ်တော်ကိုယ်စားလှယ်က နောက်တစ်ကြိမ် ပြန်လည်အကျဉ်းချုပ်ပြီးတော့မှ ဆွေးနွေးနိုင်ပါတယ်။

**ဦးစိုင်းအောင်ခမ်း၊ မိုင်းပန်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)။** အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တင်သွင်းသော အဆိုသည် ကိုယ်ရေးကိုယ်တာအတွက်မဟုတ်ပါ။ တင်သွင်း လိုက်သည့် အဆိုသည် ရှမ်းပြည်နယ်တစ်ပြည်နယ်လုံးအတွက် သက်ဆိုင်တဲ့ အဆိုဖြစ်သည့် အတွက် ကျွန်တော်၏အဆိုကို လွှတ်တော်၏ အဆုံးအဖြတ်ရယူပါမည် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်က ဒီအဆိုကို မှတ်တမ်းတင်သင့်ကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးသွား ပါတယ်။ တစ်ခါအဆိုတင်သွင်းသော လွှတ်တော်ကိုယ်စားလှယ် ကလည်းပဲ ၎င်းအဆိုကို အတည်ပြုပေးဖို့အတွက် လွှတ်တော်ရဲ့ ဆန္ဒကိုခံယူလိုပါကြောင်း တင်ပြလာတဲ့အတွက် ယခု ဒီအဆိုနဲ့ စပ်လျဉ်းပြီး လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ရယူမှာဖြစ်ပါတယ်။ ၂၀၁၃ခုနှစ် ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၃၇(က) အရ အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမှာဖြစ်ပါတယ်။ ယခုအဆိုကို အတည်ပြုရန် သဘောတူသည့် လွှတ်တော်ကိုယ်စားလှယ်များ မိမိနေရာ၌ မတ်တပ်ရပ်၍ ဆန္ဒပြုရန်ဖြစ်ပါတယ်။ ရပါပြီ။ ထိုင်နိုင်ပါပြီ။

အတည်ပြုရန် ထောက်ခံသည့်လွှတ်တော်ကိုယ်စားလှယ် ဦးရေဟာ(၇၉)ဦးဖြစ်ပါတယ်။ ဒီကနေ့ အစည်းအဝေးတက်ရောက်သည့် လွှတ်တော်ကိုယ်စားလှယ်ဟာ စာရင်းအရ (၁၂၀)ဦးဖြစ်တဲ့ အတွက် အဆိုကို အတည်ပြုရန်မထောက်ခံတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ (၄၁)ဦးဖြစ်ပါတယ်။ (၇၉)နှင့် (၄၁)ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အဆိုအားအတည်ပြုရန် သဘောတူသည့် လွှတ်တော် ကိုယ်စားလှယ်ဦးရေသည် အစည်းအဝေးတက်ရောက်သည့် ကိုယ်စားလှယ်ဦးရေထက်ဝက်ထက်များသည့် အတွက် အဆိုကိုအတည်ပြုကြောင်း ကြေညာပါတယ်။